Highlights from DVB Biz debate inflation show
February 18, 2017
"How do you suffer from inflation?"

" ငွေကြေးဖောင်းပွမှုကို မကျအောင်ဆက်ပြီးတော့ မထိန်းနိုင်ဘူး ပြီးတော့ ဆက်တက်သွားမယ် ဆိုရင်တော့ စိုးရိမ်ရေမှတ်ကို ရောက်သွားနိုင်ပါတယ် " ဦးစိုးသိန်း (ဒုညွှန်ချုပ် ငြိမ်း)၊ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန

-----------------------------------------------

" ဒေါ်လာဈေး အတက် အကျ ကို ထိန်းဖို့ဆိုတာက ကိုယ့်မှာ ထိန်းနိုင်တဲ့အင်အား ရှိလား မရှိလား ဆိုတာကို အရင်ဆုံး ဆန်းစစ်ကြည့်ရမယ် ဒါပေမယ့် ကျွန်တော်တို့မှာ  နိုင်ငံခြားအရံငွေကြေး က အရမ်းနည်းနေပါတယ် " ဦးစံသိန်း (ဘဏ်လုပ်ငန်းပညာရှင်)

--------------------------------------------------

" လုပ်ငန်းရှင်ရဲ့သဘောကတော့ ဒေါ်လာဈေးတက်လို့ရှိရင် တက်ပြီးတော့မှဘဲ ရောင်းကြတယ် နောက်ဆုံးတော့ စားသုံးတဲ့ပြည်သူတွေဘဲ ထိတာပေ့ါ"ဒေါက်တာစိုးထွန်း (ဥက္ကဋ္ဌ၊ မြန်မာမော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချသူများအသင်း)

--------------------------------------------------

"ကုန်သွယ်မှုလိုငွေ အပြင် အခြေခံအချက်အလက်တွေကို မပြောင်းနိုင်သေးရင် ကျွန်တော်တို့ မြန်မာငွေတန်ဖိုးက ဆက်ကျနေ အုံးမယ် " ဦးစိုးသိန်း

----------------------------------------------------

"ကျွန်တော်တို့ငွေတန်ဖိုးက ဘာ့ကြောင့်ကျနေလဲဆိုရင် ငွေကြေးဖောင်းပွမှုကြောင့်ဘဲ ငွေကြေးဖောင်း ပွမှုတက်လေ ကျွန်တော်တို့နဲ့ကုန်သွယ်ဖက်နိုင်ငံတွေနဲ့ ငွေကြေးဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ ငွေတန်ဖိုးကကျနေမှာဘဲ " ဦးစံသိန်း
----------------------------------------------------------

"ပါမစ်တွေမှာ ငွေတန်ဖိုးသတ်မှတ်ချက်တွေက ကွဲလွဲချက်တွေရှိတယ် ဥပမာ ကားတစီးဟာ ဒေါ်လာ ငါးထောင် သတ်မှတ်ထားတယ် ဒါပေမယ့် သွားဝယ်တဲ့အခါ တစ်သောင်းဖြစ်နေတယ် အဲ့တော့ တစ်သောင်းနဲ့တင်ပြတဲ့အခါ သွင်းကုန်ပါမစ်လျှောက်ထားလို့မရဘူး" ဒေါက်တာစိုးထွန်း
---------------------------------------------------------------------------------

"ပြီးခဲ့တဲ့အစိုးရလက်ထပ်တုန်းက ငွေဈေးဝင်ကစားတဲ့သူတွေကို ဝင်ပြီးထိန်းသိမ်းတာမျိုးရှိခဲ့တယ် ဒါက ခဏတဖြုတ်ဘဲ ထိရောက်မယ် ဒါပေမယ့် ရေရှည်ဖြေရှင်းလို့ရမယ့် နည်းလမ်းကို ရှာရမယ်" ဦးစံသိန်း
-------------------------------------------------------------------------------------

"သီအိုရီအရကတော့ ပို့ကုန်တိုးမြှင့်ရမယ် သွင်းကုန်အစားထိုးလုပ်ရမယ်ပေါ့ ဒါပေမယ့် ကျွန်တော်တို့ဆီမှာ အခြားပြသနာတွေကလဲရှိတယ် မြေယာပြသနာတွေ သွင်းအားစုပြသနာတွေ ရှိတော့ ထုတ်လုပ်မှုက မတက်နိုင်ဘူးဖြစ်နေတယ် ဒါတွေကလဲ ငွေကြေးဖောင်းပွမှုကို ကုစားတဲ့ နေရာမှာ အခက်အခဲတွေရှိနေတယ်" ဦးတင့်လွင် (ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)
---------------------------------------------------------------------------------

"ဗဟိုဘဏ်အားနည်းတာအများကြီးရှိတယ် ဗဟိုဘဏ်ဟာ သူ့အောက်မှာရှိတဲ့ ငွေကြေးအဖွဲ့အစည်း တွေကို ထိန်းချုပ်တဲ့နေရာမှာ တင်းကြပ်မှုအားနည်းနေတယ် ဒီ့ထက်ပိုပြီး တိတိကျကျထိန်းချုပ်သင့် တယ်" ဦးစိုးသိန်း
-----------------------------------------------------------------------------------

"ငွေကြေးဖောင်းပွမှုကိုဖြေရှင်းတဲ့နေရာမှာ အဓိကတာဝန်ရှိတာကတော့ ဗဟိုဘဏ်ပေါ့လေ ဒါပေမယ့် လဲ အားလုံးဝိုင်းဝန်းဖြေရှင်းဖို့တော့လိုတယ် " ဦးစံသိန်း
---------------------------------------------------------------------------------------

"ငွေကြေးဖောင်းပွမှုရဲ့ဆိုးကျိုးက စီးပွားရေးအပေါ်သက်ရောက်မှုရှိတယ်ဆိုတာက ငွေကြေးဖောင်းပွမှု ရှိနေရင် ရင်းနှီးမြုပ်နှံတာတွေ လာလုပ်ချင်တဲ့သူမရှိဘူး " ဦးစိုးသိန်း
-------------------------------------------------------------------------------------------

"ငွေကြေးဖောင်းပွမှုကို လျှော့ချဖို့ထက် လူတွေ လစာကောင်းပြီး စီးပွားရေးတွေကောင်းလာ ဖို့လိုပါ တယ်" ဒေါက်တာစိုးထွန်း
-------------------------------------------------------------------------------------------------

“ရေရှည်အစီအစဉ်က ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးတိုးတက်အောင် ပို့ကုန်ဦးဆောင်တဲ့စီးပွားရေး ပေါ်လစီကိုချမှတ်ပြီး သေသေချာချာအကောင်အထည်ဖော်စေချင်ပါတယ်” ဦးစံသိန်း

-----------------------------------------------------------------------------------------------

“အခုအချိန်မှာ အသုံးစားရိတ်ကို မလျှော့ရင် အများဘဲ အရေးကြီးတာက ဘယ်ဟာတွေကို ဦးစားပေး မလဲဆိုတာဘဲ” ဦးစိုးသိန်း

--------------------------------------------------------------------------------------------------